# နိုင်ငံခြားသားမျက်လုံးထဲက (၁၉)ကြိမ်မြောက်တရုတ်ကွန်မြူနစ်ပါတီပြည်လုံးကျွတ်ညီလာခံ ယူနန်မှာရင်းနှီးမြှုပ်နှံရတာ ကျွန်နော်တို့ကံကောင်းပါတယ်

ယူနန်ရွှေချီတယ်ဆေးရုံဝင်းအတွင်း ဝင်ရောက်ပြီး။ ဆေးရုံမှာ"တရုတ်-ယူနန် ပထမအကြိမ်တစ်ကိုယ်လုံးဆေးဝါး ကုသမှု လက်တွေ့ဆိုင်ရာနိုင်ငံတကာဖိုရမ်"ကို ပြင်ဆင်နေသည်ကို တွေ့မြင်နိုင်သည်။ ယင်း "တစ်ကိုယ်လုံးဆေးဝါးကုသမှု" ဆေးရုံ အနေနှင့်ပါတီ၏(၁၉)ကြိမ်မြောက် ပြည်လုံးကျွတ်ညီလာခံ အတောအတွင်းမှာ ဖိုရမ်ကျင်းပရန်ရွေးချယ်သည်မှာ ဆေးရုံ ရင်းနှီးမြှုပ်နှံသူလေသံနှင့်ပြောရလျှင်"ကျွန်နော်တို့ဒီခေတ်ဒီအခါကို ကျေးဇူးတင်ရပါမယ်။ ကျွန်နော်တို့အလွန်ကံကောင်းပါပေတယ်။"

အဆိုပါဆေးရုံသည် ယူနန်ပြည်နယ်မှာ ကနေဒါနိုင်ငံက လုံးဝရင်းနှီးမြှုပ်နှံသော ပထမဆုံးနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆေးရုံဖြစ်သည်။ ရင်းနှီးမြှုပ်နှံသူကနေဒါနိုင်ငံသားDavidက ပြောကြားသွားသည်မှာ "ယူနန်သည်အရှေ့တောင်အာရှတစ်ခုလုံးကို မျက်နှာမူလျက်ရှိပြီး ဖြာထွက်မှုအကျိုး အလွန်ကြီးမားနေသည်ဖြစ်ရာ ယူနန်ကိုရွေးချယ်ပြီးလာရောက် ရင်းနှီးမြှုပ်နှံကြခြင်းဖြစ်သည်။ တရုတ်နိုင်ငံ တံခါးဖွင့်ပြုပြင်ပြောင်းလဲရေးသည် တရုတ်ပြည်သူပြည်သားများအတွက် အကျိုးသယ်ဆောင်ပေးလာသည်သာမက နိုင်ငံခြားကုန်သည်ရင်းနှီးမြှုပ်နှံသူများအတွက်လည်း ကြီးမားသည့်အခွင့်အလမ်းများကို ပေးဆောင်နိုင်ခဲ့ပါသည်။ (၁၉)ကြိမ်မြောက်ပါတီပြည်လုံးကျွတ်ညီလာခံကျင်းပလိုက်သည်နှင့်အတူ တရုတ်နိုင်ငံနှင့်ကမ္ဘာကြီးတစ်ခွင် ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများအတွက် ကောင်းကျိုးများသယ်ဆောင်ပေးလာနိုင်မည်ဖြစ်သည်။ တစ်ကိုယ်လုံးဆေးဝါးကုသမှုသည် ဥရောပနှင့်အမေရိကတိုက်နိုင်ငံတွင် ရေပန်းစားသည်။ နှစ်ပေါင်း(၅၀)ကျော်ပင်ရှိခဲ့သည့် နည်းလမ်းဖြစ်ရာ မိမိတို့ဆေးရုံအနေနှင့်လည်း (၁၀)နှစ်ကျော်ကျင့်သုံးခဲ့သည့် ကုသနည်းဖြစ်သည်။ အထူးသဖြင့်ယခု(၅)နှစ်တာကာလအတွင်း လူနာပေါင်းများစွာကို ကုသပျောက်ကင်းစေနိုင်ခဲ့သည်။ (၁၉)ကြိမ်မြောက် ပါတီညီလာခံကြီးမှာ တင်ပြထားသော ပြည်သူ့ဘဝအဆက်မပြတ် တိုးမြှင့်ခြင်းအတွေးအမြင်နှင့်လည်း အံဝင်ခွင်ကျဖြစ်လှပါသည်။ ကျွန်နော်တို့အနေနှင့် တရုတ်နိုင်ငံအားပိုမိုသာယာဝပြောသော အနာဂတ်ရှိနိုင်ပါစေကြောင်း မျှော်လင့်လျက်ရှိနေပါသည်။

ကျွန်နော်တို့ သတင်းယူအင်တာဗျူးလုပ်နေသည်ကိုမြင်သွားသော ဆေးရုံရှိ နယူးဇီလန်လူနာတစ်ယောက်က စိတ်လှုပ်ရှားစွာပြောပါသည်။ "ကျွန်နော်လဲ စကားတစ်ခွန်းနှစ်ခွန်းပြောချင်ပါသေးတယ်"ဟု အစချီလိုက်သည်။ သူသည် ချိန်ကုန့်ရှိ တရုတ်အင်္ဂလိပ်(၂)ဘာသာသင် မူလတန်းကျောင်းတစ်ကျောင်းမှ ကျောင်းအုပ်ဆရာလုပ်နေသူဖြစ်သည်။ "ဒီညီလာခံကြီးက တရုတ်ပြည်ရဲ့အရေးအကြီးဆုံးကိစ္စဖြစ်တယ်ဆိုတာ ကျွန်နော်သိပါတယ်။ တရုတ်ရဲ့တိုးတက်မှုအရှိန်အဟုန်ဟာ လျင်မြန်လွန်းပါတယ်။ ကျွန်နော်တို့ကလည်း ဒီညီလာခံကြီးကို အထူးအာရုံစိုက်နေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပိုပြီးကောင်းတဲ့တံခါးဖွင့်ပေါ်လစီတွေထွက်ပေါ်လာဦးမှာ ဖြစ်လို့ပါပဲ။"

(ကျန်းဝိန်ကော့)

# တရုတ်၏ တံခါးဖွင့်အားလုံးပါဝင်ရေးပေါ်လစီအပေါ် အလွန်ရင်းနှီးဖွယ်ကောင်း

"ကျွန်တော်က (၁၉)ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီပြည်လုံးကျွတ်ညီလာခံအစီရင်ခံစာကို နားထောင်နေပါတယ်။ ဟုတ်ပါတယ် ကျွန်တော်နားလည်ပါတယ်။ တရုတ်နိုင်ငံရဲ့ပြည်တွင်းပြည်ပပေါ်လစီအားလုံးကို ကျွန်တော်အားပေးထောက်ခံပါတယ်"ဟု(၁၈)ရက်နေ့နံနက်ရှီနန်သစ်တောတက္ကသိုလ်တွင် အစီရင်ခံစာကို နားထောင်နေသည့် ဇမ်ဘီယာနိုင်ငံကျောင်းသား ယောဟန်ကို သတင်းထောက်မှ ဖုန်းဖြင့်သတင်းယူမေးမြန်းခဲ့ပါသည်။

"တရုတ်နိုင်ငံသည် ပြုပြင်ပြောင်းလဲတံခါးဖွင့်မှုဖြင့် စီးပွားရေးကို ပြန်လည်ထူထောင်နေပါသည်။ ထောင်ပေါင်းသောင်းချီသောလူဦးရေကို ဆင်းရဲနွမ်းပါးမှုမှကင်းလွတ်စေခဲ့ရာ အလွန်ကြီးမားကောင်းမွန်သော လုပ်ဆောင်ချက်ဖြစ်သည်။" ယောဟန်သည် ပထမဆုံးပါတီ၏ ပြုပြင်ပြောင်းလဲတံခါးဖွင့်လှစ်သောပေါ်လစီကြောင့် သယ်ဆောင်ပေးသည့် ပြည်သူ့လူနေမှု ကောင်းမွန်ပြောင်းလဲလာစေသည့်လုပ်ဆောင်ချက်အပေါ် ချီးကျူးခဲ့သည်။ တရုတ်ကွန်မြူနစ်ပါတီခေါင်းဆောင်များသည် ကမ္ဘာပေါ်ရှိ လူဦးရေအများဆုံးသောနိုင်ငံကို ဦးဆောင်နိုင်ပြီး ကမ္ဘာပေါ်တွင်စီးပွားရေးတိုးမြှင့်မှုအရှိန်အမြန်ဆုံးကိုအချိန်ကြာထိန်းသိမ်းနိုင်ခြင်းသည်မလွယ်ကူကြောင်း သူက ထင်မြင်ယူဆချက်ကို ပြောကြားပါသည်။

ယောဟန်သည် တရုတ်ကွန်မြူနစ်ပါတီမှ အာဖရိကတိုက်သို့ ကယ်ဆယ်ထောက်ကူခြင်း၊ အခြားနိုင်ငံများ၏ပြည်တွင်းရေးနိုင်ငံရေးများအတွင်းသို့ ပါဝင်ပတ်သက်စွက်ဖက်မှုမပြုခြင်းစသည့် နိုင်ငံခြားဆက်ဆံရေးပေါ်လစီများကိုလည်း အထူးချီးမွမ်းခဲ့သည်။ "တရုတ်နိုင်ငံ၏ နိုင်ငံခြားဆက်ဆံရေးပေါ်လစီသည် နှစ်ဦးနှစ်ဖက်အတူအောင်မြင်သည့် အတွေးအခေါ်ပေါ်မူတည်သောကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးသည် တရုတ်နိုင်ငံနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးပြုလုပ်ရန်အလွန်သဘောတူ လိုလားကြသည်။ တရုတ်နိုင်ငံ၏ တံခါးဖွင့်အားလုံးပါဝင်ခြင်းသည် မည်သည့်နေရာဒေသကိုမျှ အထင်သေးဆန့်ကျင်ခြင်းမပြုကြပေ။ ဥပမာ-အာဖရိကတိုက်။ အာဖရိကတိုက်တွင် အချိုးအစားကြီးမားသောကူညီထောက်ပံ့ရေးနှင့် ဖွံ့ဖြိုးရေးကိစ္စများစွာကို လုပ်ဆောင်နေပါသည်။ တရုတ်နိုင်ငံမှ နည်းပညာဝန်ထမ်းများက အာဖရိကတိုက် ပြည်သူများနှင့်အတူ လက်တွဲလုပ်ဆောင်သည့်အတွက်ကြောင့် အလွန်ရင်းနှီးကြပါသည်။"

"တရုတ်နိုင်ငံသည်တရုတ်တိုင်းရင်းသားယဉ်ကျေးမှု၊ တရုတ်ဉာဏ်ပညာနှင့် တရုတ်ယဉ်ကျေးမှု တမူထူးခြားသည့်ဆွဲဆောင်ချက်များကို ကျွန်တော်တို့လာရောက်သင်ယူရန် အခွင့်အရေးပေးခဲ့သည်။" ယောဟန်သည်၂၀၁၃ခုနှစ် နိုဝင်ဘာလတွင် ယူနန်သို့ပထမဆုံးအကြိမ်ရောက်ရှိခဲ့ပြီး တရုတ်ဘာသာနိုင်ငံတကာသို့ပြန့်ပွားရုံး(ဟန့်ပန့်)မှ ထောက်ပံ့ပေးသော ပညာတော်သင်ဆုရရှိခဲ့သည်။ တရုတ်နိုင်ငံတွင်တရုတ်ဘာသာကို (၁)နှစ်သင်ယူပြီးနောက် ကူမင်းတွင် တေးသီချင်းအနုပညာနှင့် တီထွင်ရေးလုပ်ငန်းကို ဆက်လက်လုပ်ဆောင်နေပါသည်။ (ဝမ်စစ်ရွှေ)

# တံခါးဖွင့်လှစ်သောတရုတ်နိုင်ငံ ပိုများသောနိုင်ငံခြားပညာတော်သင်များဝင်ရောက်အလွန်ရင်းနှီးဖွယ်ကောင်း

ယှက်တယ်ဖူးသည်ကမ္ဘောဒီးယားမှ ပညာတော်သင်ယူသည့်ကျောင်းသားတစ်ဦးဖြစ်သည်။ အောက်တိုဘာလ (၁၈)ရက်နေ့နံနက်တွင် (၁၉)ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီပြည်လုံးကျွတ်ညီလာခံဖွင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှုကို သူနှင့်သူ့အခန်းဖော်ကစောင့်ကြည့်နေသည်။ အစီရင်ခံစာထဲတွင် "ဘက်စုံဖွင့်လှစ်သောဖွဲ့စည်းပုံအသစ်ကိုတွန်းလုပ်မည်"ဟု တင်ပြသည်ကိုတွေ့မြင်သည့်အခါ "တရုတ်နိုင်ငံဖွင့်လှစ်သည့်တံခါးမကြီးမရှိလျှင် ကျွန်တော်ယူနန်သို့လာပြီး ပညာတော်သင်ယူနိုင်ရန် အခွင့်မရှိပါဘူး။"ဟု ခံစားမှုဖြင့်ပြောဆိုခဲ့သည်။

လွန်ခဲ့သော(၅)နှစ်က ယှက်တယ်ဖူးသည် တရုတ်နိုင်ငံသို့လာပြီး ပညာတော်သင်ယူခဲ့ပါသည်။ (၅)နှစ်အတွင်း သူသည်တရုတ်နိုင်ငံ၏ အရှိန်မြင့်ရထားအရှိန်ကိုခံစားပြီး ထျမ်ကုန်း၊ ကျောက်လုံ၊ ထျမ်ရန်၊ ဝူခုံး၊ မော်ကျိ၊ လေယာဉ်အကြီးစသည့် အလေးပါသိပ္ပံနည်းပညာရလဒ်များကို ခံစားခဲ့သည်။ "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု"ဆောက်လုပ်ရေးကြောင့် တရုတ်-ကမ္ဘောဒီးယားနှစ်နိုင်ငံအတွက် သယ်ဆောင်လာသည့်ပြောင်းလဲမှုများကို ကိုယ်တွေ့ခံစားနိုင်ခဲ့သည်။ "ဒီနှစ်ပိုင်းတွင်တရုတ်နိုင်ငံက ကမ္ဘောဒီးယားကို ထောက်ပံ့မှုများနှင့်အားပေးမှုများစွာပေးသည်။ အမိနိုင်ငံလည်း အဖက်ဖက်မှကြီးမားသော ဖွံ့ဖြိုးတိုးတက်မှုများရရှိသည်။ တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ဘေးပတ်ဝန်းကျင်နိုင်ငံများအတွက် အကျိုးကျေးဇူးများ သယ်ဆောင်ပေးသည်သာမက ကမ္ဘာ့ရှေ့သို့ ဆက်လက်လျှောက်လှမ်းစေသည့် ခြေလှမ်းကိုလည်း တွန်းတင်ပေးနိုင်ခဲ့ပါသည်။"

"(၁၉)ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ ပြည်လုံးကျွတ်ညီလာခံကို နားထောင်ပြီးနောက် တရုတ်ကွန်မြူနစ်ပါတီနှင့်တရုတ်နိုင်ငံအစိုးရအပေါ် ကျေးဇူးတင်ပါသည်မှလွဲပြီး အခြားကိုက်ညီသည့်စကားလုံးကို ကျွန်တော်ရှာမတွေ့တော့ပါ။"ဟု ယှက်တယ်ဖူးက ပြောသည်။ တရုတ်နိုင်ငံသည် နိုင်ငံအသီးသီးမှ ကျောင်းသားများအတွက် အစိုးရပညာတော်သင်ဆုဖြင့် ပညာသင်ယူနိုင်သည့် အခွင့်ရေးတစ်ခုပေးသည်သာမဟုတ် နိုင်ငံ့တံခါးထွက်ပြီး ပညာသင်ယူနိုင်သည့် အခွင့်အရေးကိုလည်း ထောက်ပံ့ပေးခဲ့သည်။ တရုတ်နိုင်ငံအစိုးရမှ တရုတ်ကိုချစ်မြတ်နိုး၊ တရုတ်ဘာသာကိုသင်ယူလိုသော နိုင်ငံခြားကျောင်းသားများစွာအတွက် အစိုးရပညာတော်သင်ဆုဖြင့် ပညာသင်ယူသည့်အခွင့်အရေးကို များများထောက်ပံ့ပေးစေလိုပါသည်။ တရုတ်နိုင်ငံတွင် သူတို့သင်ယူလိုက်သည့် အသိပညာများ၊ တွေ့မြင်ရသည့် "တရုတ်ပုံပြင်"များသည် လူ့ဘဝတစ်သက်လုံးအတွက် အလွန်အဖိုးတန်သည့် ချမ်းသာကြွယ်ဝမှုတစ်ရပ်ပင်ဖြစ်နေသည်။



